# Special Advisory Council for MYANMAR

# စာတမ်းအနှစ်ချုပ် - ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး မြန်မာနိုင်ငံအရေးမှာ မည်ကဲ့သို့ ပျက်ကွက်နေသနည်း။

နေ့စွဲ ။ ။ ၃၊ အောက်တိုဘာလ၊ ၂၀၂၃။

## ကမ္ဘာ့ကုလသမဂ္ဂက မြန်မာနိုင်ငံအရေးမှာ ပျက်ကွက်နေသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာ စစ်တပ်မှ စတင်အာဏာသိမ်းပြီး ချက်ချင်းဆိုသလို ပင် မြန်မာနိုင်ငံရှိ မြို့ကြီးပြကြီးများမှ ထောင်နှင့် ချီသော ဆန္ဒပြသူများသည် စစ်အုပ်စုကို ရပ်တန့် ပေးရန်နှင့် မြန်မာပြည်သူများအား ကာကွယ် ပေးရန် ကမ္ဘာ့ကုလသမဂ္ဂကို အကူအညီ တောင်းခံ ခဲ့ကြပါသည်။ ထိုအကူအညီက မည်သည့်အချိန် တွင်မှ ရောက်မလာခဲ့ပေ။ ယခုအချိန်၌ မြန်မာ ပြည်သူများအနေဖြင့် စစ်အုပ်စု၏ ပြင်းထန် သော ရက်စက်ကြမ်းကြုတ်မှု များနှင့် မညှာမတာ အကြမ်းဖက်မှုများကို နှစ်နှစ်ခွဲကြာ တောင့်ခံနေရ ပြီးဖြစ်ပါသည်။ အကျိုးဆက် အနေဖြင့် လူဦးရေ နှစ်သန်းသည် ပြည်တွင်း၌ နေရပ်စွန့်ခွာရွှေ့ပြောင်း နေကြရပြီး လူဦးရေ သန်း ၂၀ အထိသည် လူသား ချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေကြပါသည်။ စစ်အုပ်စုအား တော်လှန် တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေကြ သော်လည်း စစ်အုပ်စု၏ အကြမ်းဖက်မှုများမှာ ပိုမို ဆိုးရွားလာနေပြီး ကုလသမဂ္ဂ၏ ပြတ်ပြတ်သားသား၊ စုစုစည်းစည်း အရေးယူမှုမှာ မရှိသလောက် နည်းပါး နေဆဲပဲဖြစ်ပါသည်။ ကုလသမဂ္ဂတာဝန်ရှိသူများ ထံမှ ရရှိလာသော တုံ့ပြန်မှုအနည်းအကျဉ်းသည် မြန်မာအရပ်ဘက်လူမှုအဖွဲ့အစည်းများကို စိတ်ပျက် အားလျော့စေခဲ့ပါသည်။ SAC-M၏ စာတမ်းတွင် ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံတွင် အရေးပေါ် ပြုပြင်ပြောင်းလဲမှု ပြုလုပ်နိုင်စေရန်အတွက် ၎င်းတို့ မြန်မာနိုင်ငံအရေးမှာ မည်ကဲ့သို့ပျက်ကွက်နေပုံကို ဖော်ထုတ်ရေးသား ထားပါသည်။

## ကုလသမဂ္ဂစနစ်သည် မြန်မာနိုင်ငံအရေး၌ ယခင်ကာလတုန်းကလည်း ပျက်ကွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် စစ်တပ်၏ ၂၀၁၁ ခုနှစ် တစိတ် တပိုင်း ဒီမိုကရေစီအသွင်သို့ ကူးပြောင်းမှုအပြီးတွင် ကုလသမဂ္ဂသည် ၎င်းတို့တည်ရှိမှုကို အရှိန်အဟုန် ဖြင့် တိုးမြှင့်ခဲ့သော်လည်း ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွင် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သော စစ်တပ်၏ ရက်စက်ယုတ်မာမှုများကို တားဆီးရန် သို့မဟုတ် လျှော့ချပေးရန် ပျက်ကွက်ခဲ့သည်။ Rosenthal Report ဟု လူသိများသော အစီရင်ခံစာတွင် အဆိုပါကာလအတွင်း ကုလသမဂ္ဂပါဝင်ပက်သက် မှုအား စုံစမ်းစစ်ဆေးမှုတွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသည် မြန်မာနိုင်ငံအရေးတွင် သဘောထား ကွဲလွဲခဲ့ကြောင်း၊ ဖြစ်ပျက်နေသည့် အကြောင်း အရင်းများ၏ အတိမ်အနက်ကို အသိအမှတ်မပြု ခဲ့ကြောင်းနှင့် အရေးယူဆောင်ရွက်ရာ တွင် ပံ့ပိုးကူညီ မှု အားနည်းခဲ့ကြောင်း တွေ့ရှိခဲ့သည်။ ပြည်တွင်းရှိ ကုလသမဂ္ဂရုံး အဖွဲ့ (UN Country Team-UNCT) မှ စနစ်တကျနှင့် တစ်စုတစ်စည်းတည်း ခွဲခြမ်းစိတ်ဖြာ မှု မရှိခြင်းကြောင့် မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက် ပေးမည် ဟူသော ချမှတ်ရမည့် မဟာဗျူဟာများ နှင့် ပတ်သက်၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံး သည်လည်း သဘောထား ကွဲလွဲခဲ့ပါသည်။

မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအရာရှိများသည် ၎င်းတို့၏အစီရင်ခံစာများ တွင် တကယ့်ဖြစ်ရပ်များကို တမင်တကာ လျှော့ပေါ့ရေးသားခဲ့ကြပြီး၊ တစ်နေ့ တစ်ခြားမြင့်တက်လာသော စိုးရိမ်ဖွယ်ရာ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များထက်၊ ၎င်းတို့၏ စစ်တပ်နှင့် အရပ်ဘက်အာဏာပိုင်များနှင့် ဆက်ဆံရေးကိုသာ ဦးစားပေး လုပ်ဆောင်ခဲ့ပါသည်။

## ယင်းအချိန်မှစတင်၍ မြန်မာနိုင်ငံ၏ အခြေအနေသည် သိသိသာသာ ပြောင်းလဲလာခဲ့သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်တပ်၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ သို့မဟုတ် မြန်မာနိုင်ငံ၏ ဥပဒေနှင့် ကိုက်ညီမှုမရှိဘဲ စစ်အုပ်စုသည်လည်း တရားဝင်အစိုးရ မဟုတ်ပေ။ အာဏာသိမ်းမှုမှ ရှောင်တိမ်းလွတ်မြောက်ခဲ့ကြသော လွှတ်တော် ကိုယ်စားလှယ်များက နောက်ပိုင်းတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ဖွဲ့စည်းခဲ့ကြပါသည်။ ၎င်းသည် နိုင်ငံတကာဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု တရားဝင်အစိုးရဖြစ်ပါသည်။

အထွေထွေသပိတ်များ၊ ဆန့်ကျင်ကန့်ကွက်မှုများ၊ ဆန္ဒပြမှုများနှင့် စစ်အုပ်စုထိန်းချုပ်ထားသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို သပိတ်မှောက်ခြင်းတို့ အပါအဝင် သပိတ်မှောက် အစိုးရဝန်ထမ်းများက ဦးဆောင်သည့် အကြမ်းမဖက် အာဏာဖီဆန်ရေး (CDM) လှုပ်ရှားမှုကြီးက စစ်အာဏာသိမ်းမှုကို နှောင့်ယှက်တားဆီးခဲ့ပါသည်။ စစ်အုပ်စုသည် ရက်စက်ကြမ်းကြုတ်မှုများ တိုးမြှင့်လုပ်ဆောင်လာကာ နိုင်ငံတဝန်းလုံးတွင် မြေပြင်စစ်ဆင်ရေးများနှင့် လေကြောင်းတိုက်ခိုက်မှုများစွာဖြင့် ငြိမ်းချမ်းစွာ အာဏာဖီဆန်မှုများအား တွန်းလှန်ခဲ့ပါသည်။ စစ်တပ်၏ အကြမ်းဖက်မှုကို ခုခံဆန့်ကျင်သည့် လက်နက်ကိုင် ကာကွယ်တိုက်ခိုက်မှုများ နောက်ဆုံးတွင် ပေါ်ပေါက်လာခဲ့ပါတော့သည်။ NUG ၏ မဟာမိတ်ဖြစ်ပြီး နှစ်ပေါင်းများစွာ တော်လှန်နေကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EROs) နှင့် NUG ၏ လက်အောက်ခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့သစ်များ (PDFs) သို့မဟုတ် NUG နှင့် အခြားသော ဒေသခံ ကာကွယ်ရေး တပ်ဖွဲ့တို့ ပူးပေါင်းဖွဲ့စည်းထားသော PDFs များသည်လည်း လက်နက်ကိုင် တော်လှန်နေကြပါသည်။ ခုခံတော်လှန်မှုသည် အာဏာကို အမိအရ ချုပ်ကိုင်နိုင်စေရန်အတွက် နှစ်ပေါင်း ခြောက်ဆယ်ကျော် စစ်တပ်က ရည်ရွယ်တည်ဆောက်ခဲ့သော နိုင်ငံတော်စနစ်ကို လုံးလုံးလျားလျား အမြစ်ပြတ်ချေမှုန်းပစ်နိုင်မည့် တော်လှန်ရေး၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။

စစ်အုပ်စုသည် တော်လှန်ရေး၏ ပေါင်းစည်းအင်အားကြောင့် တရားဝင်တည်ဆဲ အစိုးရတစ်ရပ်အနေဖြင့် ထိရောက်စွာ နိုင်ငံအားထိန်းချုပ်နိုင်ရေးအတွက် ဥပဒေစံနှုန်းများနှင့် ပြည့်မီမှုမရှိပေ။ ၎င်းအနေဖြင့် နယ်မြေပိုင်နက်ကို မထိန်းချုပ်နိုင်သကဲ့သို့ အုပ်ချုပ်နိုင်စွမ်းလည်း မရှိသည့်အပြင် အရေးအကြီးဆုံးမှာ လူအများစုက အစိုးရတစ်ရပ်အဖြစ် အသိအမှတ်ပြုရန်နှင့် လက်ခံရန် ငြင်းဆန်ခဲ့ကြပြီးဖြစ်ပါသည်။ ဤသည်မှာ စစ်အုပ်စုသည် ဥပဒေနှင့်အညီ တရားဝင် (တရားဥပဒေနှင့်ညီညွတ်သော)အစိုးရ မဟုတ်သလို တည်ဆဲ (ကောင်းမွန်စွာအုပ်ချုပ်နိုင်စွမ်းရှိသော) အစိုးရမဟုတ်သည့်အပြင်၊ ၎င်းအချက်အလက်တို့နှင့် ကိုက်ညီနေသည့် မည်သည့်အစိုးရတစ်ရပ်မှဖြစ်မနေပါ။ ERO နယ်မြေများ ကျယ်ပြန့်လာကာ PDF များနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များသည်လည်း နိုင်ငံအနှံ့အပြားရှိ နယ်မြေများကို စိုးမိုး

ထားကြပါသည်။ အဆိုပါဒေသများရှိ ဒေသန္တရ အုပ်ချုပ်ရေးနှင့် စားနပ်ရိက္ခာကူညီထောက်ပံ့ရေး အား ERO အဖွဲ့များ၏ အုပ်ချုပ်ရေးဌာနများနှင့် NUG နှင့် ပူးပေါင်း၍ဖြစ်စေ၊ သီးခြားဖြစ်စေ ဖွဲ့စည်းထားသော ရပ်ရွာအုပ်ချုပ်ရေး အဖွဲ့သစ်များက ဆောင်ရွက် နေပါသည်။ အဖွဲ့အစည်းမြောက်များစွာရှိနေသော မြန်မာနိုင်ငံတွင် တည်ဆဲအာဏာပိုင် အဖွဲ့တစ်ရပ် သို့မဟုတ် နိုင်ငံ့ခေါင်းဆောင်ဟူ၍ တစ်ဦးတစ်ယောက်မျှမရှိပါ။

## ကုလသမဂ္ဂ နိုင်ငံတကာ ဆွေးနွေးပွဲများက နှုတ်အားဖြင့်သာ ပြောဆိုဆွေးနွေးကြသော်လည်း အရေးယူမှု မရှိပေ။

လုံခြုံရေးကောင်စီ၊ အထွေထွေညီလာခံနှင့် လူ့အခွင့်အရေးကောင်စီတို့သည် အာဏာသိမ်းပြီးကတည်းက မြန်မာနိုင်ငံပေါ် ဆုံးဖြတ်ချက်များကို အောင်အောင်မြင်မြင် ချမှတ်ခဲ့ကြသော်လည်း စစ်အုပ်စု၏ အကြမ်းဖက်မှုများကို ရပ်တန့်ရန်နှင့် မြန်မာပြည်သူများကို ကာကွယ်ရန်အတွက် ယတိပြတ်လုပ်ဆောင်ရန် ဆုံးဖြတ်၍ လုပ်ပိုင်ခွင့်ပေးအပ်ရန် ပျက်ကွက်မှုများ ထပ်မံဖြစ်ပေါ်နေခဲ့ပါသည်။ သို့သော်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ ယခင်နှင့်စာလျှင် သဘောထားကွဲလွဲမှုနည်းပါးလာနေပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် လုံခြုံရေးကောင်စီကပင် ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုနိုင်ခဲ့သည်။ စစ်အုပ်စု၏ လုပ်ဆောင်ချက်များအပေါ် သည်းမခံနိုင်မှုများ တိုးမြင့်လာနေပြီး စစ်အုပ်စု၏ တည်ရှိနေမှု အနေအထားနှင့် ပတ်သက်၍ ရှင်းလင်းပြတ်သားသော ဘုံသဘောတူညီမှု ရရှိလာသည် - ဤသည်မှာ ကုလသမဂ္ဂ၏ အဆိုပါ အဖွဲ့ သုံးဖွဲ့စလုံးက စစ်အုပ်စု၏ ၎င်းတို့ကို တရားဝင်အစိုးရ သို့မဟုတ် တည်ဆဲအစိုးရ တစ်ရပ် အဖြစ် အသိအမှတ်ပြုရန် တောင်းဆိုချက်အား ငြင်းပယ်နေခြင်းဖြစ်ပါသည်။ အထွေထွေညီလာခံသည် NUG အား ကုလသမဂ္ဂတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် တက်ရောက်ရန် လက်တွေ့ခွင့်ပြုထားပြီး ကုလသမဂ္ဂ ဆုံးဖြတ်ချက်များက NUG ၏ နိုင်ငံရေး အခန်းကဏ္ဍကို အပြုသဘောဖြင့် အသိအမှတ်ပြုခဲ့ပြီးလည်း ဖြစ်ပါသည်။

## UNCT ကမူ အကျိုးသက်ရောက်မှုထက် မြန်မာနိုင်ငံတွင် ရပ်တည်နေရခြင်းကို ဦးစားပေး၍ လုပ်ဆောင်နေသည်။

UNCT အနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ရပ်တည်မှုမှ ခွဲထွက်ပြီး စစ်အုပ်စုအား “တည်ဆဲအာဏာပိုင်များ” အဖြစ် သဘောထားသည်။ ဤအချက်က UNCT သည် စစ်အုပ်စုအား တရားဥပဒေအရ တရားဝင်အစိုးရတစ်ရပ်ဟု အသိအမှတ်မပြုသော်လည်း၊ လက်တွေ့အားဖြင့် တည်ဆဲအစိုးရတစ်ရပ်ဟု မှတ်ယူနေခြင်းပင်ဖြစ်ပါသည်။ UNCT သည် စစ်အုပ်စုအား “တရားဝင်အသိအမှတ်ပြုမှု” ကို ရှောင်လွှဲရန်အတွက် စစ်အုပ်စု၏ အကြီးတန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်းကို ကန့်သတ်ထားသော်လည်း စစ်အုပ်စု လက်အောက်မှ ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်မှုသည် နိုင်ငံရေးနှင့် ပတ်သက်ဆက်နွှယ်မှု မရှိဟု ယူဆနေပါသည်။ ယင်းကြောင့် UNCT သည် နိုင်ငံအများစုက သဘောတူလက်ခံပါဝင်နေသည့် တော်လှန်ရေးကို အသိအမှတ်မပြုခြင်း သို့မဟုတ် လျစ်လျူရှုခြင်း တို့ကို ပြုလုပ်နေပုံပေါ်ပါသည်။ ကုလသမဂ္ဂအရာရှိများသည် စစ်အုပ်စုထံ ၎င်းတို့၏ တရားဝင် ခန့်အပ်လွှာ အထောက်အထားများ တင်ပြကာ သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြပြီး ယင်းတို့တွင် ပါဝင်သော အသေးစိတ်အချက်အလက်များ

ကို မြန်မာလူထုအား အသိပေးခြင်း မရှိပေ။ တစ်ချိန်တည်းမှာပင် UNCT သည် NUG ကို လုံးဝလျစ်လျူရှုထားပါသည်။ ယင်းလုပ်ရပ်များသည် မြန်မာအရပ်ဘက်အဖွဲ့အစည်းများ၏ အနှုတ်သဘောဆောင်သော တုံ့ပြန်မှုများကို ဖြစ်ပေါ်စေပါသည်။ UNCT က မူ ဤနည်းဖြင့် စစ်အုပ်စုနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများနှင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ဂရုတစိုက်ဖြင့် ချိန်ခွင်လျှာမျှအောင် ဆောင်ရွက်ထားကြောင်း အခိုင်အမာဆိုထားပါသည်။ သို့ရာတွင် ဤကဲ့သို့ ဆောင်ရွက်ချက်သည် အကျိုးရလဒ်အနည်းငယ်ကိုသာ ရရှိနေပါသည်။

ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အရေးတကြီး လိုအပ်နေပါသည်။ မြန်မာနိုင်ငံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးဆိုးကြီးအား စစ်အုပ်စုက ပြည်သူလူထုအား စနစ်တကျ တိုက်ခိုက်မှုများဖြင့် ရည်ရွယ်ချက်ရှိရှိ ဖန်တီးဖော်ဆောင်ထားခြင်း ဖြစ်ပါသည်။ တော်လှန်ရေးကို ဖြိုခွင်းရန် အရပ်သားပြည်သူများအပေါ် အကြမ်းဖက်နေပြီး အခြေခံလိုအပ်ချက်များ မရရှိအောင် ဆောင်ရွက်လိုနေပါသည်။ ပြည်သူလူထုအား လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီတွေ မရရှိစေချင်သောကြောင့် တော်လှန်ရေးနယ်မြေများဆီသို့ ကုလသမဂ္ဂဝင်ရောက်ခွင့်ကို ပြင်းပြင်းထန်ထန် တားမြစ်ထားပါသည်။ UNCT က စစ်အုပ်စုကို တည်ဆဲအစိုးရဟု ယူဆနေသောကြောင့် ၎င်းအနေဖြင့် အဆိုပါကန့်သတ်ထိန်းချုပ်မှုများကို ၎င်းကိုယ်တိုင် လိုက်နာဆောင်ရွက်နေပြီး လိုအပ်နေသော ပြည်သူအများစုထံ အရောက်လှမ်းနိုင်ခြင်း မရှိတော့ပေ။ စစ်အုပ်စုသည် တရားဝင်အစိုးရ သို့မဟုတ် တည်ဆဲအစိုးရတစ်ရပ် မဟုတ်သောကြောင့် UNCT အနေဖြင့် တော်လှန်ရေးနယ်မြေအတွင်းသို့ ဝင်ထွက်ရန် ၎င်း၏ ခွင့်ပြုချက်မလိုအပ်ပါ။ NUG၊ ERO နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် မြန်မာနိုင်ငံနှင့် ကုန်းမြေချင်းထိစပ်နေသော နယ်စပ်ဒေသများကို ဖြတ်ကျော်၍ အကူအညီပေးပို့ရန်အတွက် ၎င်းတို့နှင့် တိုက်ရိုက်ညှိနှိုင်းဆောင်ရွက်ရန် ကုလသမဂ္ဂကို တောင်းဆိုနေကြပါသည်။ အဆိုပါ တောင်းဆိုချက်များနှင့်ပတ်သက်၍ ကုလသမဂ္ဂက လက်ခံမှုမရှိသလောက်ပဲဖြစ်ပါသည်။ UNCT ၏ စစ်အုပ်စုနှင့် ဆက်ဆံရေးသည် ပြည်သူလူထုကို တတ်နိုင်သမျှ အကျိုးပြုစေရန် ကြားနေ၍ သမာသမတ်ကျပြီး အမှီအခိုကင်းစွာ ဆောင်ရွက်နိုင်ခြင်းကို အနှောင့်အယှက်ဖြစ်စေပါသည်။

UNCTအနေဖြင့် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ပြန်လည်စတင်နေပြီဖြစ်သည်။ ပေါက်ကြားလာသည့် စာရွက်စာတမ်းများတွင် ကုလသမဂ္ဂအေဂျင်စီများသည် စစ်အုပ်စုဝန်ကြီးဌာနများနှင့် အကောင်အထည်ဖော်ရန် ဒေါ်လာသန်းပေါင်းများစွာ တန်ကြေးရှိသော သဘောတူညီစာချုပ်များကို လက်မှတ်ရေးထိုးချုပ်ဆိုထားကြောင်း ဖော်ပြထားပါသည်။ ဤကဲ့သို့ UNCT ၏ လုပ်ဆောင်ချက်များက ဒီမိုကရေစီအရေး ခုခံတော်လှန်မှု၏ ရည်ရွယ်ချက်များ၊ ကြိုးပမ်းမှုများနှင့် ဆန့်ကျင်ကွဲလွဲစေပါသည်။ စစ်အုပ်စု၏ နိုင်ငံခြားရေးနှင့် စီးပွားဆက်သွယ်ရေးများအတွက် ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် အနည်းဆုံးသဘောတူညီချက်စာချုပ်တစ်ခု ရရှိခဲ့ပါသည်။ စစ်အုပ်စုသည် ပြည်သူလူထုကို ဆက်လက်၍ မညှာမတာ တိုက်ခိုက်ရန်အတွက် လက်နက်များ ဝယ်ယူနိုင်သည့် နိုင်ငံခြားငွေကို အလွန်အမင်း လိုအပ်နေပါသည်။ ကုလသမဂ္ဂအဖွဲ့ဝင် တစ်နိုင်ငံ

ချင်းစီ နှင့် ဥရောပသမဂ္ဂကဲ့သို့သော နိုင်ငံအစုအဖွဲ့များသည် စစ်အုပ်စုအား လူ့အခွင့်အရေးဆိုင်ရာ ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်နိုင်စွမ်းကို ဖြတ်တောက်နိုင်မည့် ကျယ်ပြန့်သော ပိတ်ဆို့အရေးယူမှုများကို ချမှတ်ထားသည်။ စစ်အုပ်စု၏ စွမ်းဆောင်ရည်နှင့် နိုင်ငံခြားငွေ ရယူနိုင်ခွင့်ကို မြှင့်တင်ပေးခြင်းဖြင့် UNCT သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကြိုးပမ်းအားထုတ်မှု များကို အားနည်းလျော့ပါးသွားစေနိုင်ပါသည်။

တစ်ချိန်တည်းမှာပင်၊ လူ့အသိုင်းအဝိုင်းများအတွက် မရှိမဖြစ်အရေးပါပြီး ဒေသန္တရအုပ်ချုပ်ရေးတွင် ပါဝင်နေကြသော တော်လှန်ရေးအဖွဲ့အရေအတွက် တိုးလာစေရန်နှင့် အဆိုပါအဖွဲ့များ၏ ဒီမိုကရေစီလိုလားတောင့်တမှုကို ဖော်ထုတ်ပြောဆိုရန်အတွက် UNCT အနေဖြင့် ဖွံ့ဖြိုးရေးအကူအညီများ ပေးအပ်နေခြင်းမရှိပေ။ UNCT သည် မြန်မာ့သမိုင်း၏ အရေးပါသော အလှည့်အပြောင်းတွင် ဒေသန္တရအုပ်ချုပ်ရေး၏ လုပ်ကိုင်နိုင်စွမ်းကို တိုးတက်စေရန်အတွက် အဆိုပါကွန်ရက်များကို ပံ့ပိုးပေးခြင်းဖြင့် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။ ယင်းအစား၊ စစ်အုပ်စုက ၎င်း၏ကျန်ရှိသော အရင်းအမြစ်များအားလုံးကို အသုံးပြု၍ ပြည်သူလူထုအား ဖိနှိပ်နေစဉ် UNCT အနေဖြင့် စစ်အုပ်စုအား ထောက်ကန်ပေးနေသည်ဟု တွေးဆမိပါသည်။

## လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)

OHCHR သည် လုပ်ငန်းဆိုင်ရာ အကျိုးသက်ရောက်မှုထက် မြန်မာနိုင်ငံတွင် ဆက်လက်တည်ရှိ နေရေးကို ဦးစားပေး လုပ်ဆောင်နေသည့် UNCT ၏ အခြားအဖွဲ့များနှင့် မတူညီသည့် ခြွင်းချက် အဖွဲ့တစ်ခုဖြစ်ပါသည်။ အဆိုပါ ခြွင်းချက်ဖြစ်နေမှုသည်၊ နိုင်ငံတွင်းရှိ ကုလသမဂ္ဂ အဖွဲ့အစည်းအချို့က ၎င်း၏ စုံစမ်းစစ်ဆေးခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များကို ဆန့်ကျင်နေခြင်းကြောင့် UNCT မှ OHCHR အား သီးခြားဖယ်ထုတ်ထားပါသည်။ OHCHR သည် မြန်မာနိုင်ငံတွင် ဖြစ်ပျက်နေသည့် အကြောင်းကိစ္စရပ်များကို ဆက်လက်စုံစမ်းစစ်ဆေး ခွဲခြမ်းစိတ်စစ်ပြီး အစီရင်ခံတင်ပြနေပါသည်။

## ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံးသည် မြန်မာနိုင်ငံကို ဦးစားပေးခြင်းမရှိသကဲ့သို့ မဟာဗျူဟာများ လည်း အားနည်းပြီး အကျိုးရလဒ်လည်း မရှိခဲ့ပါ။

အထွေထွေအတွင်းရေးမှူးချုပ်သည် မြန်မာနိုင်ငံကို မဖြစ်စလောက်သာ ဦးစားပေးဆောင်ရွက်ပါသည်။ ၎င်းသည် နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီဝင်ရောက်နိုင်ရေးအတွက် မြန်မာ့အိမ်နီးချင်းနိုင်ငံများနှင့် စေ့စပ်ညှိနှိုင်းရာတွင် အထောက်အကူဖြစ်နိုင်သော်လည်း ၎င်းအနေဖြင့် ဆောင်ရွက်ခြင်း မရှိခဲ့ပေ။ သူ့အနေဖြင့် လူသိရှင်ကြား ထုတ်ဖော်ပြောဆိုချိန်တွင် ပဋိပက္ခကို နားလည်သဘောပေါက်မှု အားနည်းကြောင်း သိသာမြင်သာခဲ့ပါသည်။ ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် အထွေထွေအတွင်းရေးမှူးချုပ်က “တည်ဆဲအာဏာပိုင်များအား ဒီမိုကရက်တစ်အဖွဲ့အစည်းများ ဖြစ်လာစေရေးအတွက် အားလုံးပါဝင်နိုင်သော လုပ်ငန်းစဉ်တစ်ရပ်ကို စတင်ဆောင်ရွက်ရန်” တောင်းဆိုခဲ့ပါသည်။ အဆိုပါ ထုတ်ပြန်ချက်တွင် စစ်အုပ်စုအား တည်ဆဲအစိုးရ အဖြစ် မှားယွင်းဖော်ပြထားပြီး NUG၊ EROs၊ မြန်မာအရပ်ဘက်အဖွဲ့အစည်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) များက မတည်ငြိမ်မှုများကို ပိုမိုဆိုးရွားလာစေမည့် အန္တရာယ်ရှိသော အစပျိုးမှုတစ်ခုအနေဖြင့် လက်မခံဘဲ ပယ်ချထားပြီးဖြစ်သည့် စစ်အုပ်စုဖော်ပြထားသော အကြံအဖန် ရွေးကောက်ပွဲများကျင်းပမည့် စီမံချက်ကို ကုလသမဂ္ဂက ထောက်ခံနေကြောင်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

အထွေထွေအတွင်းရေးမှူးချုပ်သည် ၂၀၂၂ ခုနှစ်တွင် Rosenthal Report ၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် တိုးတက်လာမှုအခြေအနေကို အစီရင်ခံရန် လိုအပ်ခဲ့ပါသည်။ တိုးတက်မှု အစီရင်ခံစာသည် ဖုံးဖိဖာထေးခြင်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် လက်ရှိအကျပ်အတည်းအား ကုလသမဂ္ဂက လက်တွေ့တုံ့ပြန်ဆောင်ရွက်ပုံနှင့်ပတ်သက်၍ ဖော်ပြထားခြင်း မရှိပါ။

အထွေထွေညီလာခံမှ ခန့်အပ် တာဝန်ပေးထားပြီး လက်ရှိ လစ်လပ်နေသော အထွေထွေအတွင်းရေးမှူး၏အထူးသံတမန်ထံသို့ အထွေထွေအတွင်းရေးမှူးချုပ်သည် မြန်မာနိုင်ငံအရေးကိစ္စနှင့် ပတ်သက်၍ ကြိုးပမ်းအားထုတ်ရန် တာဝန်လွှဲအပ်ထားပါသည်။ မကြာသေးမီက တာဝန်ထမ်းဆောင်ခဲ့သော အထူးသံတမန်သည် ၂၀၂၃ ခုနှစ် ဇွန်လတွင် နုတ်ထွက်ခြင်းမပြုမီ မြန်မာနိုင်ငံ၌ ကုလသမဂ္ဂအနေဖြင့် အလုံးစုံပါဝင်၍ တစ်စုတစ်စည်းတည်း စနစ်ကျသော မဟာဗျူဟာတစ်ခု မရှိကြောင်းကို မီးမောင်းထိုးပြနိုင်သည့် အောင်မြင်မှုအနည်းငယ်ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံ ပဋိပက္ခ၏ ပြင်းထန်မှုနှင့် ကုလသမဂ္ဂအပေါ် ယုံကြည်မှု ကင်းမဲ့မှုတို့သည် ယခုလက်ရှိအချိန်တွင် စစ်မှန်သော လမ်းစဉ်ကို အရေးတကြီး ပြုပြင်ပြောင်းလဲရန် အထွေထွေအတွင်းရေးမှူးချုပ်၏ ဦးဆောင်မှု လိုအပ်နေပါသည်။

## ဆောင်ရွက်မှုမရှိခြင်း၊ အကျိုးမရှိခြင်းနှင့် တာဝန်မယူခြင်း။

ကုလသမဂ္ဂစနစ်သည် မြန်မာနိုင်ငံတွင် ယခင်ကာလတုန်းက ပျက်ကွက်ခဲ့ပြီး ထပ်မံ၍လည်း ပျက်ကွက်နေပြန်သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ၎င်းတို့၏ အစိုးရအချင်းချင်းကြားမှ အဖွဲ့အစည်းများသည် ပါဝင်ဆောင်ရွက်ရန် ပျက်ကွက်နေကြပြီး၊ ဆုံးရှုံးနိုင်ခြေအန္တရာယ်များ ကြီးထွားလာကာ အောင်မြင်မှုရလဒ်များ မရှိသလောက်နည်းပါးလာနေသော်လည်း UNCT သည် စစ်တပ်အား စိတ်ကျေနပ်နှစ်သိမ့်စေသည့် အောင်မြင်မှုမရှိသော နည်းလမ်းဟောင်းကို လိုက်နာ ကျင့်သုံးနေပြီး၊ အထွေထွေအတွင်းရေးမှူးချုပ်သည်လည်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ရုံး၏ ခေါင်းဆောင်တစ်ဦးအနေဖြင့် မြန်မာပြည်သူများအပေါ် ၎င်း၏တာဝန်ဝတ္တရား များကို လျစ်လျူရှုထားခဲ့ပါသည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် စစ်အုပ်စု၏ အကြမ်းဖက်မှုများကို ရပ်တန့်ရန်နှင့် တရားမျှတမှု ရရှိလာစေရန် တိကျခိုင်မာသော အစီအမံများ ချမှတ်ရန် လိုအပ်ပါသည်။ UNCT သည် မြန်မာစစ်အုပ်စုနှင့် ၎င်း၏ဆက်ဆံရေးကို ပြန်လည်သုံးသပ်ရန်နှင့် မြန်မာနိုင်ငံရှိ တည်ဆဲအာဏာရှိသော အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းအားလုံးတို့ဖြင့် ဘက်မလိုက်ဘဲ သမာသမတ်ကျ၍ သီးခြားနည်းလမ်းဖြင့် ထိတွေ့ဆက်ဆံ၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကူအညီများကို ထိရောက်စွာ ပံ့ပိုးပေးရန် လိုအပ်ပါသည်။ အထွေထွေ အတွင်းရေးမှူးချုပ်သည် ကုလသမဂ္ဂ၏ ပျက်ကွက်မှုနှင့် ရှုပ်ထွေးမှုသံသရာကို အဆုံးသတ်နိုင်ပြီး မြန်မာနိုင်ငံအတွက် ပြီးပြည့်စုံ၍ စနစ်ကျသော ကုလသမဂ္ဂမဟာဗျူဟာ တစ်ရပ် ဖော်ဆောင်ရေး တွင် ဦးဆောင်ရန် လိုအပ်နေပြီး ငြိမ်းချမ်းသော ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရန် မြန်မာလူထု၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီရန် လိုအပ်ပါသည်။